# ဂျိုးဇက်စတစ်ဂ်လစ်ဇ်ကိုဆရာတင်မလို့တဲ့လား

ရဲဘော်ဖိုးသံချောင်း

အမေရိကန်က နိုဘယ်ဆုရ ဘောဂဗေဒ ပညာရှင် မစ္စတာဂျိုးဇက်စတစ်ဂ်လစ်ဇ် ဗမာပြည်ကို ရောက်လာ တော့မယ်။

ယက်တော ဒီပလိုမေစီ အရှိန်ရနေပါကလားလို့ တွေးစရာပါပဲ။

နအဖ စစ်ဗိုလ်ချုပ်တွေကတော့ ဆီနေတာ ဂျင်းဝက်ဘ်လို အမေရိကန် အမတ်ကိုသာမက ဒေါက်တာ စတစ်ဂ်လစ်ဇ်လို အမေရိကန် ပညာရှင်ကိုလည်း ကြပ်ပြေးကို ရောက်လာအောင် သူတို့ လုပ်နိုင်စွမ်း ရှိတယ်လို့ ဝင့်ဝါနေမှာ မြင်ယောင်မိနေပါတယ်။ မကြာခင်မှာ မစ္စစ်ကလင်တန်၊ သမတအိုဘားမားတို့ကိုပါ ကြပ်ပြေးကို ရောက်လာစေမယ်လို့များ ကြုံးဝါးနေသလားလည်း မသိပါဘူး။

ဒီမှာ မေးစရာဖြစ်လာတာက ဗေဒင်ဆရာကလွဲရင် ဘယ်သူဆရာလုပ်တာကိုမှ လက်ခံလေ့မရှိတဲ့ နအဖ စစ်ဗိုလ်ချုပ်တွေဟာ ဘာရည်ရွယ်ချက်တွေနဲ့ အမေရိကန်နိုင်ငံက စီးပွားရေး ပါရဂူ တယောက်ကို အခုလို ပင့်ခေါ် အကြံဉာဏ်တောင်းနေတာလဲ။ နအဖ စစ်အစိုးရဟာ ဗမာပြည်စီးပွားရေးကို နားလည်သဘောပေါက်တဲ့ ဗမာနိုင်ငံသား စီးပွားရေး ပညာရှင် ရှာ မတွေ့နိုင်လို့လား။ ဒါမှမဟုတ် မရှာချင်လို့လား။

နအဖရဲ့ဒီခြေလှမ်းရဲ့နောက်ကွယ်မှာ စီးပွားရေး ရည်ရွယ်ချက်ထက် နိုင်ငံရေး ရည်ရွယ်ချက်က ပိုတယ်လို့ ထင်ပါတယ်။

သေချာနေတာ တချက်ကတော့ စစ်အစိုးရဟာ ယက်တောကိစ္စက စခဲ့တဲ့ ဝါရှင်တန်နဲ့ ဆက်ဆံရေးကို စိုသောလက် မခြောက်စေရအောင် ဆက်သွယ်မှုတွေ တမျိုးပြီး တမျိုး၊ ဖန်တီးဖော်ထုတ်နေတာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်တွေက အမေရိကန်ကို သွားလိုက်၊ အမေရိကန်က လူတွေက ကြပ်ပြေးကို လာလိုက်၊ ရွှေလမ်း ငွေလမ်းပေါက်နေတယ်လို့ ပြောလို့ရအောင်၊ ကမ္ဘာက ထင်မြင်လာအောင် လုပ်နေကြတာ ဖြစ်ပါတယ်။ အမေရိကန်က အလံစိမ်းပြလိုက်ရင် ဥရောပဆိုတာ ခြေထောက်နဲ့ သာမက ခေါင်းနဲ့တောင် လာနိုင်တယ် ဆိုတာလည်း သူတို့ တွက်မိပါတယ်။ အာစီယံလိုဟာကတော့ စကားထဲတောင် ထည့်ပြောစရာ မလိုတော့ပါဘူး။ နောက်ပြီး သူတို့ အနေနဲ့ တခြား အိမ်နီးနားချင်းတွေကို လက်မထောင်ပြပြီး ဈေးဆစ်လို့လည်း ပိုကောင်းမယ်ဆိုတာ သေချာနေပါတယ်။

နောက်တချက်က သူတို့ နအဖ စစ်အစိုးရဟာ အိမ်ဖြူတော်ရဲ့အကြံဉာဏ်တွေကို လိုလားပါကြောင်း၊ ဩဝါဒခံလိုပါကြောင်း။ ဗိုလ်နေဝင်း လက်ထက်တုန်းက မဆလ လမ်းစဉ်ကို လုံးဝစွန့်လွှတ်ပြီး ဖြစ်ပါကြောင်း ဝါရှင်တန်က ပုဂ္ဂိုလ်တွေကို သိစေချင်တာ ဖြစ်ပါတယ်။ အမေရိကန်အနေနဲ့ နောင်မှာ ဗမာပြည်နဲ့ ကုန်သွယ်ရေး၊ စီးပွားရေး အတူ လုပ်နိုင်ရေးအတွက် ကိုယ်တိုင်လာပြီး ပန္နက်ချ နိုင်ပါတယ်လို့ ဆိုချင်နေတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့လည်းပဲ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ချင်ပါတယ်၊ လိုလားပါတယ်လို့ ပြောချင်တာ ဖြစ်ပါတယ်။ နိုင်ငံတကာ အဝန်းအဝိုင်းထဲကို လူလူသူသူ ပြန်ရောက်လိုတဲ့ သဘောပါပဲ။

ဒါ့အပြင် အလွန်အရေးကြီးတဲ့ နောက်အချက် တချက်လည်း ရှိပါသေးတယ်။ အဲဒါကတော့ သူတို့ရဲ့ဒီနိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲတွေဟာ သူတို့ရဲ့ ၂၀၀၈ အခြေခံ ဥပဒေ ချမှတ်မှု၊ ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပမှု၊ နောက်"အစိုးရသစ်"တရပ် ဖွဲ့စည်းမှု စတာတွေနဲ့ ဆက်စပ်နေတယ်လို့လည်း ဝါရှင်တန်ကို သိစေချင်လို့ ဖြစ်ပါတယ်။

တချက်ခုတ် အများကြီး ပြတ်မယ့် အကြံအစည်ပါ။

ပြန်စဉ်းစားလိုက်ရင် လွတ်လပ်ရေး ဒီဖက် ဗမာပြည်သမိုင်းမှာ ဒီလို စီမံကိန်းတွေ မရှိခဲ့တာ မဟုတ်ပါဘူး။ ဖဆပလရဲ့ ပြည်တော်သာ စီမံကိန်း၊ မြေ-ကျေး-ရှင်း အစီအမံ စတာတွေကို ဗမာပြည်သားတွေ မမေ့သေးပါဘူး။ လူတ

ကိုယ် တိုက်တလုံး၊ ကား တစီး၊ လခ ရှစ်ရာရမယ်ဆိုတဲ့ ဦးနုရဲ့ကေတီအေခေါ် ပြည်တော်သာ စီမံကိန်းဟာ နောက်ဆုံးကျတော့ အာဏာရသူ အဆင့်ဆင့် ခြစား ပစ်လိုက်တာနဲ့ ပျက်ဆီး ပျောက်ကွယ်သွားခဲ့ ရပါတယ်။ အခု တကယ်လို့များ စတစ်ဂ်လစ်ဇ်ရဲ့ အကြံပေးချက်နဲ့ စီးပွားရေး စီမံကိန်း တခုကို ဗမာပြည်မှာ အကောင်အထည် ဖော်ကြပြီဆိုရင် နအဖရဲ့ အဆင့်ဆင့် အာဏာရသူတွေဟာ အဲဒီလို ခြမစားပါဘူးလို့ ဘယ်သူကများ အာမခံရဲပါသလဲ။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး တို့တောင် သူတို့ လူတွေ ခြ မစားဘူး၊ လာဘ် မစားဘူးလို့ အာမ မခံဝံ့ဘူး ထင်ပါတယ်။

ဒေါက်တာ စတစ်ဂ်လဇ် လာတာဟာ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ခေါင်းစဉ်နဲ့ လာတာ ဖြစ်ပါတယ်။ တကယ်တော့ ဗမာပြည်က ကျေးလက်ပြည်သူတွေ ဆင်းရဲမွဲတေနေတာဟာ နအဖ က အမတော်ကြေး လုံလောက်အောင် မပေးလို့၊ ဘာလို့ဆိုတဲ့ သာမန် ပြဿနာတွေကြောင့် မဟုတ်ဘူးဆိုတာ လူတိုင်းသိပါတယ်။ အမေရိကန် အစိုးရလည်း သိ၊ နိုင်ငံတကာ စီးပွားရေး ပညာရှင်တွေလည်း သိ၊ နအဖ အစိုးရ ကိုယ်တိုင်လည်း သိပါတယ်။ ဗမာပြည်ရဲ့ကျေးလက် စီးပွားရေး ပြဿနာဟာ ဒီတိုင်းပြည်မှာ ဖြစ်ပေါ် တည်ရှိနေတဲ့ အခြေခံ ပြဿနာနဲ့ တိုက်ရိုက် ဆက်စပ်နေတာ ဖြစ်ပါတယ်။ အဲဒါက စစ်အုပ်နဲ့ သူ့အပေါင်းပါတွေက နိုင်ငံ့ စီးပွားရေး အားလုံးကို လက်ဝါးကြီး အုပ်ချင်တာ၊ ကျေးလက် စီးပွားရေးကို မြို့ပြမှာ အဓိက အခြေခံထားတဲ့ သူတို့ရဲ့စီးပွားရေးတွေကို အလုပ်အကျွေးပြုတဲ့ အနေအထားမှာပဲ ကန့်သတ်ထားလိုတာ စတဲ့ အကြောင်းရင်းတွေကြောင့် ဖြစ်ပါတယ်။ လယ်သမားတွေကို သူတို့အတွက် အစားအစာနဲ့ ကုန်ကြမ်းထုတ်ပေးသူတွေ အဖြစ်က နေတိုး တက်မလာစေချင်တာဟာ နအဖ ဗိုလ်ချုပ်တွေရဲ့ တကယ့် ရင်တွင်းကဆန္ဒပါ။ အခုဆိုရင် ကျေးလက် စီးပွားရေးက မြို့ပြစီးပွားရေးကို အလုပ်အကျွေးပြုရတာတင် မက မြို့ပြ စီးပွားရေးအတွက် နေရာတွေ ဖယ်ပေး နေရတာတွေတောင် ဖြစ်နေပါတယ်။ နအဖနဲ့ သူတို့ ဆွေမျိုးသားရင်းချာတွေ၊ သူတို့နဲ့ဆက်နေတဲ့ ပြည်ပက လုပ်ငန်းရှင်တွေကြောင့် လယ်သမားတွေဆီက မြေတွေ သိမ်း၊ ဈေးကွက်တွေ မှောက်လှန်နေတာတွေဟာ ကိုလိုနီခေတ်က ချစ်တီး ထက်ဆိုးပါတယ်။

ဘယ်လိုပဲ ဖြစ်ဖြစ်၊ မှန်တာပြောရရင် နအဖ ဗိုလ်ချုပ်တွေ မစ္စတာစတစ်ဂ်လဇ်ရဲ့အကြံပေးချက်တွေကို လက်ခံတာ၊ လက်မခံတာဟာ ဒီမိုကရေစီ အရေးတော်ပုံနဲ့ ဘာမှ မဆိုင်ပါဘူး။ အဲဒါတွေကို လက်ခံလိုက်လို့လည်း တိုင်းပြည် တိုးတက်လာမှာ မဟုတ်သလို နအဖ စစ်အုပ်စုရဲ့တကယ့် လက္ခဏာလည်း ပြောင်းလဲ မသွားပါဘူး။ ဒါပေမဲ့ နအဖ ဗိုလ်ချုပ်တွေ အမေရိကန်နဲ့ ဆက်ဆံရေး ပုံမှန် ဖြစ်သွားတယ်ဆိုရင် အတိုက်အခံ အင်အားစုတွေဘယ်လို ဆက်လုပ်ကြမယ်ဆိုတာကတော့ အလေးထား စဉ်းစားသင့်တဲ့ ကိစ္စလို့ ထင်ပါတယ်။ အကြောင်းက အဲဒီလိုသာ ဖြစ်သွားရင် ဒါဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်း၊ ဗမာပြည်နဲ့ ပတ်သက်လို့ ဖြစ်ပေါ်ခဲ့တဲ့ အကြီးမားဆုံး နိုင်ငံတကာဆက်ဆံမှု အပြောင်းအလဲကြီး ဖြစ်လာမှာ မို့ပါ။

အဲဒီအခါမှာ အတိုက်အခံတွေနဲ့ အမေရိကန်နဲ့ အနောက် နိုင်ငံတွေကို တိုင်တည်တာချည်း လုပ်နေလို့ မရတော့တာ သေချာပါတယ်။ (ဒီလို တိုင်တည်ခဲ့တာတွေဟာ မှားတယ်၊ မလိုအပ်ဘူးလို့ ဆိုလိုတာ မဟုတ်ပါ)။ ဒီမိုကရေစီ အရေးတော်ပုံ အောင်မြင်ရေးအတွက် တခြား လက်တွေ့ကျတဲ့၊ ပိုမိုထိရောက်တဲ့ သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်တွေ ရှာဖွေချမှတ်ရတော့မယ်လို့ ထင်ပါတယ်။ အဲဒီအချိန်ဟာ ၂၀၁၀ ရွေးကောက်ပွဲလွန် နိုင်ငံရေး အခြေအနေနဲ့လည်း တထပ်တည်း ကျနေမယ်ဆိုတာ သတိပြုသင့်ပါတယ်။ အခြေအနေတွေဟာ ပိုရှုပ်ထွေးလာနိုင် ပါတယ်။ ဒါပေမဲ့ ရှုပ်ထွေးမှုတွေကနေ ပိုမိုကောင်းမွန်တဲ့ အဆင့်သစ်တရပ်ကို ပြောင်းလဲသွား တတ်တယ်ဆိုတာကိုလည်း စိတ်နလုံးသွင်းထားရပါမယ်။